**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၆ / ၂၀၂၁**

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အခွန်ပေးဆောင်တင်သွင်းသည့်**

**ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်စေရေးအတွက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက လုပ်ငန်းနှင့်သက်ဆိုင်သော စက်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများတင်သွင်းရာ၌ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်–

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများက အခွန်အကောက်ပေးဆောင် တင်သွင်းသည့်ကိစ္စရပ်များ (အရက်၊ ဘီယာ၊ စီးကရက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်သော လုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းတင်သွင်းခြင်းနှင့် လုပ်ငန်းသုံးသကြားတင်သွင်းခြင်း ကိစ္စရပ်များမှအပ)တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၂၃၀ အရ ကော်မရှင်၏ထောက်ခံချက်ရယူရန် မလိုအပ်ဘဲ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများသို့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစတင်၍ တိုက်ရိုက်လျှောက်ထားဆောင်ရွက်ရမည်။

(ခ) အရက်၊ ဘီယာ၊ စီးကရက်၊ မော်တော်ယာဉ် ၊ မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်သော လုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းတင်သွင်းခွင့် နှင့် လုပ်ငန်းသုံးသကြားတင်သွင်းခွင့်များ တင်ပြလျှောက်ထားရာတွင် နှစ်အလိုက် ကုန်ကြမ်းလိုအပ်ချက်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တစ်နှစ်ချင်းအလိုက် တင်ပြလျှောက်ထားဆောင်ရွက်ရမည်။

မိုးမြင့်ထွန်း

ဒုတိယဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

စာအမှတ်၊ မရက– ၆ /၁ /၂၀၂၁ ( ၀၀၇၆ )

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး (ရုံး/ဌာနကြီးများအားလုံး)
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

} မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြော်ငြာပေးပါရန်

အမိန့်အရ

(သန့်စင်လွင်)
အတွင်းရေးမှူး